# တိုက်ပွဲနည်းပရိယာယ်နဲ့ပတ်သက်၍
# ဗကပ ၏ အိတ်ဖွင့်ပေးစာ

**ရဲဘော်များ၊ မိတ်ဆွေများ၊ ပြည်သူများခင်ဗျား –**

(၁)

၂၀၀၄ ခုနှစ်သည် တိုက်ပွဲများဖြင့် ပြည့်လျှမ်းနေမည့်နှစ် ဖြစ်ပါသည်။ စစ်အုပ်စုဘက်ကလည်း 'နောက်ဆုံးတိုက်ပွဲ' တိုက်ဖို့ ပြင်နေပါသည်။ ဘက်စုံကနေပြီးပြင်ခြင်း ဖြစ်ပါသည်။ အာဏာ၏မဏ္ဍိုင် 'တပ်မတော်' မပြိုကွဲရေးကစပြီး မီဒီယာလောကအဆုံး ပြင်နေပါသည်။

မီဒီယာလောကတွင်လည်း 'လက်တွေ့နိုင်ငံရေး' ကို ရေးကြသော သတင်းစာဆောင်းပါးများပါတာ မတွေ့ရတော့ပါ။ စစ်အစိုးရကိုယ်တိုင်ကထုတ်သော ဂျာနယ်များ ထုတ်ပါသည်။ ထိုဂျာနယ်များတွင် ဗမာပြည်လက်တွေ့နှင့် အလှမ်းဝေးလှသော ကိစ္စများကို ရေးခွင့်ရကြပါသည်။

(၂)

ဤစာတွင် မိမိတို့ကျင့်သုံးသင့်သည့် နည်းပရိယာယ်ကို ရေးပါမည်။ သေနင်္ဗျူဟာ (strategy) မရေးပါ။ ကျွန်တော်တို့၏ နားလည်မှုအရ သေနင်္ဗျူဟာတွင် မိမိတို့တူညီကြပါသည်။ ရန်သူဘယ်သူလဲ၊ မိတ်ဆွေဘယ်သူလဲ၊ မည်သူ့ကို အခြေခံရမလဲတို့တွင် တညီတညွတ်တည်း ရှိကြပါသည်။

တိုက်ပွဲနည်းပရိယာယ်တွင်ကား မတူကြပါ။ ကျွန်တော်တို့က အမျိုးသားညီလာခံကို တိုက်ဖျက်တာမှာ ခွာသတ်တာရော၊ ပူးသတ်တာပါလုပ်မှ အားကြီးမည်ဟု မြင်ပါသည်။ ထိုအတိုင်းလည်း လုပ်နေပါသည်။

(က) ၁၉၈၈ ခုနှစ်ကစပြီး ယခုအထိ ထိုအတိုင်းလုပ်ခဲ့၍ အောင်မြင်ခဲ့သည့်အတွေ့အကြုံ ရှိပါသည်။

– ပါတီတွေဖွဲ့ခွင့် စစ်အုပ်စုက ပေးရသည်။ မိမိတို့က အများကြီးဖွဲ့လိုက်သည်။ ၂၀၀ ကျော်သည်။ ပါတီတွေများလျှင် အချင်းချင်း ရန်ဖြစ်ပြီး သူတို့ကြားချောင်မည်ဟုထင်ပြီး ဖွဲ့သမျှ လက်ခံခဲ့သည်။ သို့သော် ပြောင်းပြန်ဖြစ်ပြီး သူတို့သာ အထီးကျန်ဖြစ်သွားသည်။ အကြောင်းအမျိုးမျိုးပြပြီး ဖျက်ပစ်ရသည်။

– ၁၉၉၀ တွင် ရွေးကောက်ပွဲ လုပ်ပေးရသည်။ ဝင်ပြိုင်ကြသည်။ သပိတ်မှောက်တဲ့အဖွဲ့အစည်း နည်းနည်းပဲ ရှိသည် (ထင်သည်)။ NLD အပြတ်နိုင်သည်။ SNLD လို ဒေသန္တရအခြေခံသည့် ပါတီတွေ နိုင်သည်။ အပြတ်အသတ်ကြီး နိုင်ထားသဖြင့် ထိုရွေးကောက်ပွဲကို အသိအမှတ်ပြုလည်းအခက်၊ မပြုလည်းအခက် အခုအထိ စပ်ပူစပ်လောင် ဖြစ်နေသည်။

– ၁၉၉၃ – ၁၉၉၆ အမျိုးသားညီလာခံ (အဟောင်း) လုပ်သည်။ ဝင်ပြီး ပါကြသည်။ တိုက်ပွဲဝင်ကြသည်။ ပြည်နယ်တောင်းသူက တောင်းသည်။ ထို့ကြောင့် ရပ်ပစ်လိုက်ရသည်။

– စာမျက်နှာသစ် လှန်လိုက်ပြီဟု လုပ်သည်။ ဝင်ပြီးပါကြ၊ လှုပ်ရှားကြပြန်သည်။ 'ဒီပဲယင်း' ဖြင့် တခန်းရပ်သွားသည်။ နိုင်ငံတကာက ဝင်ပါလာကြသည်။ ဒဏ်ခတ်ခြင်းဖြင့် ဖြောင်ဖိအားပေးသူ၊ တိုးတိုးတိတ်တိတ်ကြိတ်ပြီး ဖြောင့်ဖျနားချသူ ပေါ်လာသည်။ ပြည်တွင်းလူထုက တခုခုလုပ်ဖို့လိုပြီဟု ယူဆလာသည်။ လူထုရဲရင့်လာပြီး တပ်မတော်တွင်း ဂနာမငြိမ်ဖြစ်လာသည်။

ဤလုပ်နည်းအားလုံးကို ကွန်မြူနစ်တို့က 'နင်းလိုက်သည့်ပေါ်လစီ' ဟု အတွင်းပိုင်းတွင် နာမည်ပေးထားသည်။ အာဏာရအစိုးရ လုပ်လာတာကို ငြင်းပယ်မပစ်ဘဲ အတွင်းဝင်ပြီး ပူးသတ်ခြင်း ဖြစ်သည်။

အာဏာရသူက လက်ဦးမှုယူပြီးလုပ်လိုက် မိမိတို့က နင်းလိုက်ပြီး တိုက်ပွဲဝင်လိုက် လုပ်ခဲ့တာ ယခုမှ မဟုတ်၊ ဖဆပလ အစိုးရခေတ်ကတည်းက ဖြစ်သည်။ တောထဲရောက်နေသည့် ဗကပ က ရွေးကောက်ပွဲများမှာ ဝင်မလား မဝင်ဘူးလား စဉ်းစားစရာ မလိုပါ။ ဝင်ချင်လည်း ဝင်မရပါ။ သို့သော် ဝင်နိုင်သူကို ဗကပ လုပ်သလိုလုပ်ဖို့ မတိုက်တွန်းရုံမက ဝင်တာကို ထောက်ခံပါသည်။ ဤသို့ဖြင့် 'မြေပေါ်ကွန်မြူနစ်' ဆိုတာတွေပေါ်ခြင်း ဖြစ်ပါသည်။ ပမညတ ကို ဗကပ က 'ရွေးကောက်ပွဲဝင်ရကောင်းလား' ဆိုပြီး ရန်မလုပ်ခဲ့ပါ။

ဝါရှင်တန်မှာ လုပ်လို့ရတာ ဘန်ကောက်မှာလုပ်လို့ မရပါ။ အဲဒီ ၂ နေရာမှာ လုပ်တာမျိုး ရန်ကုန်မှာ လုပ်မရပါ။

အမျိုးသားလီလာခံ (သစ်) ကို အားလုံးတညီတည်း သပိတ်မှောက်ကြဟု (ဗကပ) မပြောသလို အားလုံးဝင်ပါကြဟု မပြောပါ။ သပိတ်မှောက်သူကို အပြစ်မပြောသလို ဝင်ပါသူကိုလည်း အပြစ်မပြောပါ။

သပိတ်မှောက်လျှင် သေနင်္ဗျူဟာအရ မှားသွားဖို့ မလွယ်ပါ။ ဝင်ပါလျှင် အမှားဖြစ်ဖို့ လွယ်ပါသည်။ သို့သော် လုပ်တတ်လျှင် 'အမျိုးသားညီလာခံ' ကို လူထုကို ပညာပေးဝါဒဖြန့် – လှုံ့ဆော်သည့်စင်မြင့်အဖြစ် အသုံးချနိုင်ပါသည်။

၃ – ၁ – ၂၀၀၄